“ကျွန်မတို့အနေနဲ့ ဖက်ဒရယ်ဆိုင်ရာ အခြေခံမူတွေ အပြီးအပြတ် ချမှတ်နိုင်တဲ့ အထိ ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းချင်ပါတယ်။ အခြေခံမူတွေ ထွက်ပေါ်လာပြီးရင် အသေးစိတ်မူတွေ ဆက်လက်ပြီး ဆွေးနွေးဖို့ရှိပါတယ်။ ပြည်ထောင်စုနဲ့ ပြည်နယ်တွေအကြား အာဏာ ခွဲဝေမှု၊ သယံဇာတခွဲဝေမှု၊ အခွန်အကောက် ခွဲဝေမှု၊ ကြွင်းကျန် အာဏာဆိုင်ရာ အခြေခံမူတွေ၊ ပြောရရင် ဖွဲ့စည်းပုံအခြေခံဥပဒေ နောက်ဆက်တွဲ ဇယားပါ လုပ်ပိုင်ခွင့် တွေ ဆက်လက်ပြီး ဆွေးနွေးကြရဦးမှာ ဖြစ်ပါတယ်။ အနာဂတ် ဖက်ဒရယ် ပြည်ထောင်စုမှာ ဘယ်လိုခွဲဝေအုပ်ချုပ်ကြမလဲ ဆိုတာတွေ ဖြစ်ပါတယ်။”

ဒေါ်အောင်ဆန်းစုကြည်[၁]

**ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းအား နားလည်ခြင်း**

**ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းဆိုသည်မှာ**--“ဗဟိုအစိုးရက ၎င်း၏ လက်အောက်အဆင့်တွင် ရှိသော (သို့မဟုတ်) တစ်စိတ်တစ်ပိုင်း လွတ်လပ်သော အစိုးရ အဖွဲ့အစည်းများသို့ ပြည်သူ့ရေးရာ လုပ်ငန်း ဆောင်တာများကို ဆောင်ရွက်နိုင် စေမည့် အခွင့်အာဏာနှင့် လုပ်ငန်း တာဝန်တ္တရားများကို လွှဲပြောင်းပေးခြင်း ဖြစ်သည်” (Litwack and Seddon, 1999)။ ထိုကဲ့သို့ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းဖြင့် “ဒေသန္တရ အစိုးရများကို လုပ်ပိုင်ခွင့် တိုးမြှင့်ပေးခြင်း မှတစ်ဆင့် ပြည်သူများ၏ လုပ်ပိုင်ခွင့်များ ကို တိုးမြှင့်ပေးခြင်းလည်း ဖြစ်သည် (Boex and Yilmaz, 2010)။”

ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းတွင် ***နိုင်ငံရေးအရ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း၊ အုပ်ချုပ်စီမံရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း*** တို့ရှိသည့်အနက် ယခု သင်တန်းအတွက်မူ ဘဏ္ဍာရေး ဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းကိုသာ လေ့လာဆွေးနွေးသွားမည် ဖြစ်သည်။ ဤနေရာတွင် အရေးကြီးသည့် အချက်မှာ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း၏ အကျိုးကျေးဇူးများကို ပြည့်ပြည့်ဝဝ ခံစားနိုင်ရန်မှာ အထက်ဖော်ပြပါ ရှုထောင့် သုံးမျိုးလုံးသည် ဟန်ချက်ညီနေရမည်ဖြစ်သည်။ အောက်ဖော်ပြပါပုံက ဤသဘောတရားကို ပြဆိုနေပါသည်။

**ပုံ (၁) ဗဟိုချုပ်ကိုင်မှုလျှော့ချရေးမျက်နှာစာများ တသားတည်း (မ)ရှိမှုနှင့် တာဝန်ယူ၊ တာဝန်ခံမှု**




**ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းဆိုသည်မှာ-** အသုံးစရိတ်ဆိုင်ရာ တာန်ဝများ ခွဲဝေသတ်မှတ်ခြင်း နှင့် ရင်းမြစ်များ ခွဲဝေ အပ်နှင်းခြင်းများကို ဆိုလိုသည်။ ရင်းမြစ်များ ခွဲဝေအပ်နှင်းရာတွင် ဗဟိုရန်ပုံငွေမှ မတူညီသော အဆင့်များသို့ စီမံခန့်ခွဲခွင့် လွှဲပြောင်း ပေးခြင်း (သို့မဟုတ်) ဒေသန္တရအဆင့်အနေဖြင့် ဝင်ငွေရရှိရန် ဆောင်ရွက်မှု၊ ဗဟို မှ ဒေသန္တရအဆင့်သို့ လွှဲပြောင်းငွေ နှင့် ဒေသန္တရ ချေးငွေရယူမှု စသည့် ကဏ္ဍများတွင် ထောက်ပံ့ပေးခြင်းဖြင့် အားလုံး အကျိုးဝင်သည့် စီမံကိန်းများ နှင့် ဘတ်ဂျက်များ ရေးဆွဲသည့် စနစ် ဖြစ်ပေါ်စေရန် ဒေသန္တရအစိုးရများထံသို့ အခွင့် အာဏာလွှဲပြောင်း ပေးခြင်း ဖြစ်သည်။ ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း တွင် ပါဝင်သည့် လုပ်ငန်း ဆောင်တာများမှာ သုံးစွဲခွင့်အာဏာပေးခြင်း၊ ဝင်ငွေခွဲဝေပေးခြင်း နှင့် ဝင်ငွေ စီမံအုပ်ချုပ်ခွင့်၊ ပြည်ထောင်စုမှ လွှဲပြောင်း ထောက်ပံ့ငွေများ နှင့် ဒေသန္တရအစိုးရ၏ ချေးငှားငွေများနှင့် အကြွေးတို့ပါဝင်သည်။

**ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် ပုံစံများ**

***Devolution (ဒေသန္တရ အာဏာခွဲဝေပေးခြင်း)*** ဆိုသည်မှာ ဗဟိုအစိုးရ၏ လုပ်ပိုင်ခွင့်အာဏာများကို သီးခြားလွတ်လပ်စွာ တည်ရှိနေသည့် ဒေသန္တရအဆင့် အစိုးရများထံသို့ လွှဲပြောင်းပေးခြင်းဖြစ်သည်။ ဗဟိုအစိုးရ၏ တိုက်ရိုက်လက်အောက်ခံ မဟုတ်သည့် ဒေသန္တရအစိုးရများသည် လုပ်ငန်းဆောင်ရွက်မှုပိုင်းတွင် ကိုယ်ပိုင် ဂိုသေသများ၊ ကိုယ်ပိုင်ဘတ်ဂျတ်ရေးဆွဲမှု များ၊ ဥပဒေအရ တရားဝင်မှု နှင့် ကိုယ်ပိုင် အခြေခံအခွင့်အရေးများရှိကြသည်။ ဒေသန္တရအာဏာခွဲဝေခြင်းအတွက် နိုင်ငံတော်အဆင့် မူဘောင်တစ်ခုလိုအပ်သည်။ သို့သော် ဒေသန္တရအစိုးရများသည် ချမှတ်လိုက်သော ဆုံးဖြတ်ချက်များ နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဒေသမှ ပြည်သူလူထု အပေါ် ရွေးကောက်ပွဲများမှ တစ်ဆင့် တာဝန်ခံရပြီး လုပ်ငန်းကဏ္ဍ နယ်ပယ်စုံတွင် ဆောင်ရွက်ရလေ့ရှိသည်။

***Deconcentration (လုပ်ပိုင်ခွင့် အဆင့်ဆင့် လွှဲပြောင်းပေးခြင်း)***--ဗဟို ဝန်ကြီးဌာနများမှ အောက်ခြေအဆင့်ရှိရုံးများ (သို့မဟုတ်) အေဂျင်စီများကို လုပ်ပိုင်ခွင့် လွှဲပြောင်းပေးခြင်းဖြစ်သည်။ အုပ်ချုပ်ရေးတာဝန်များကို အောက်ခြေအဆင့်ရှိ ရုံးများထံ လွှဲပြောင်းပေးလိုက်သော်လည်း ၎င်းတို့သည် ဗဟိုအစိုးရ၏ အစိတ်အပိုင်းအဖြစ် တည်ရှိနေပြီး ပြည်သူလူထုနှင့် ပိုမိုနီးစပ်သွားသည်။ အောက်ခြေအဆင့်ရှိ အုပ်ချုပ်ရေးတာဝန် လွှဲပြောင်းပေးခြင်းခံရသော ဌာနအဆင့်ဆင့်တို့သည် ဗဟို အဆင့်သို့ တာဝန်ခံရသည်။

***Delegation (ကိုယ်စားလွှဲအပ်တာဝန်ပေးခြင်း)***—အစိုးရအဆင့်တစ်ခုမှ အခြားအစိုးရတစ်ဆင့်သို့ဖြစ်စေ၊ အစိုးရထံမှ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုံးလုံးလျားလျားဖြစ်စေ လွတ်လပ်နေသော အစိုးရကဏ္ဍအပြင်ဖက်ရှိ အဖွဲ့အစည်း (ဥပမာ လွတ်လပ်သော အာဏာပိုင်အဖွဲ့များ သို့မဟုတ် ပုဂ္ဂလိကပြခြင်းကဏ္ဍတွင် ပုဂ္ဂလိက အဖွဲ့အစည်းများ)ထံသို့ ဖြစ်စေ ဆောင်ရွက်ဖွယ်ရာကိစ္စရပ်များအတွက် လွှဲအပ်တာဝန်ပေးခြင်းကို ဆိုလိုသည်။ ထိုကဲ့သို့လွှဲအပ်ထားသည့် အာဏာ သို့ မဟုတ် လုပ်ပိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်။

**ဆွေးနွေးရန်မေးခွန်း**

*အထက်ဖော်ပြပါ ပုံစံ ၃ မျိုးတွင် မည်သည့် ပုံစံသည် ဒေသန္တရအဆင့် အစိုးရများ၏ လွတ်လပ်မှုကို အာမခံပေးနိုင်ဆုံး ဖြစ်ပါသနည်း။ မြန်မာနိုင်ငံရှိ ဗဟိုချုပ်ကိုင်မှု လျှော့ချရေး လုပ်ငန်းစဉ်များသည် မည်သည့် ပုံစံဖြင့် ဖြစ်ပေါ်နေပါသနည်း။*

**မြန်မာနိုင်ငံရှိ ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း**

ဥပဒေမူဘောင်အားဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှုကို လျှော့ချပေးသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏အောက်တွင် ယခင်က မရှိခဲ့သော အင်စတီကျူးရှင်းများ၊ ကဏ္ဍစုံမှ ပါဝင်ပတ်သတ်သူများ သည် ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း ကဏ္ဍတွင် ပါဝင်ဆောင်ရွက်လာနိုင်ကြသည်။ ထို့သို့ဆောင်ရွက် လာကြခြင်းဖြင့် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်များတွင် ဘဏ္ဍာရေးဆိုင်ရာ ဆက်သွယ်မှုများ၊ အသုံးစရိတ်ခွဲဝေမှုများ၊ လုပ်ပိုင်ခွင့်အာဏာ ခွဲဝေဆောင်ရွက်မှုများ၊ ရင်းမြစ်ခွဲဝေမှုများ စသဖြင့် ယခင်က မရှိခဲ့သော ကဏ္ဍအသစ်များ ထွက်ပေါ်လာခဲ့သည်။ အာရှဖောင်ဒေးရှင်း၏ လေ့လာချက်များအပေါ် အခြေခံ၍ မြန်မာနိုင်ငံရှိ ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းဖြစ်စဉ်မှ ထွက်ပေါ်လာသည့် အချက်များကို ထုတ်နှုတ်ဖော်ပြလိုပါသည်။

- ပြည်နယ်/တိုင်းဒေသကြီး အသုံးစရိတ်တွင် သိသိသာသာ တိုးမြင့်လာမှု-- ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျှော့ချခဲ့ခြင်းနှင့်အတူ ပြည်နယ်/တိုင်းဒေသကြီးများ၏ အသုံးစရိတ်များသည် သိသိသာသာ တိုးတက် လာခဲ့သည်။
- ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ ဦးစားပေး အသုံးစရိတ်မှာ လမ်းများဖောက်လုပ်ခြင်း။ ဖြစ်နေသေးသော်လည်း အသုံးစရိတ်များ သည် တဖြည်းဖြည်း ကွဲပြားကျယ်ပြန့်မှုရှိလာသည်။
- ပြည်ထောင်စု အစိုးရထံမှ ဘဏ္ဍာငွေ လွှဲပြောင်း ထောက်ပံ့ငွေ မြင့်တက်လာမှုကြောင့် ဘဏ္ဍာငွေရရှိမှု သိသိသာသာ မြင့်တက် လာခြင်း။
- ကိုယ်ပိုင် ဘဏ္ဍာငွေတိုးမြင့်ရရှိရန် အခက်အခဲရှိနေခြင်း။
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဦးဆောင်သည့် အစိုးရ နှင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ပါတီ ဦးဆောင်သည့် အစိုးရ နှစ်ဖွဲ့လုံးသည် စီမံကိန်းနှင့် ဘတ်ဂျက် ရေးဆွဲခြင်း ဖြစ်စဉ်တွင် ပိုမို၍ တာဝန်ခံမှုရှိရေးနှင့် ဖြည့်ဆည်းတုံ့ပြန်မှုရှိရေးအတွက် ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။

- ပြည်ထောင်စု နှင့် ပြည်နယ်/တိုင်းဒေသကြီး နှစ်ဆင့်လုံးမှ ပါဝင်လုပ်ဆောင်သူများ သည် စီမံကိန်း နှင့် ဘတ်ဂျက် ရေးဆွဲခြင်း ဖြစ်စဉ်တွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေသည်။

ပုံ (၇) ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ အသုံးစရိတ်




ရင်းမြစ်။ ပြည်ထောင်စုရသုံးမှန်းခြေငွေစာရင်းစာစောင်၊ စီမံ/ဘဏ္ဍာ ဝန်ကြီးဌာန၊ Renaissance Institute မှ ခန့်မှန်းတွက်ချက်မှု

ပုံ (၈) ပြည်နယ်/တိုင်းဒေသကြီး အစိုးရ၏ဘဏ္ဍာငွေ ရရှိမှု အရင်းအမြစ်များ
ပြည်ထောင်စုမှ ဘဏ္ဍာငွေလွှဲပြောင်းမှု နှင့် ကိုယ်ပိုင်ဘဏ္ဍာငွေ ရရှိမှု (ကျပ်သန်း)




ရင်းမြစ်။ စီမံ/ဘဏ္ဍာ ဝန်ကြီးဌာန၊ Renaissance Institute မှ ခန့်မှန်းတွက်ချက်မှု

**ဆွေးနွေးရန်မေးခွန်း**

*အထက်တွင် ဖော်ပြထားသည့် မြန်မာနိုင်ငံ၏ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကဏ္ဍတွင် ဖြစ်ပေါ်လျက်ရှိသည့် အကြောင်းအရာ များ နှင့် ပုံ (၇) နှင့် (၈) တို့ အပေါ်တွင် အခြေခံ၍ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကဏ္ဍတွင် ဖြစ်ပေါ်လာနိုင်ချေရှိသည့် စိန်ခေါ်မှုများကို ဆွေးနွေးပါ။*

## မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းကို ဆန်းစစ်ခြင်း

မြန်မာနိုင်ငံ၏ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း အခြေအနေနှင့် ပတ်သက်ပြီး အဓိက သုံးသပ်တွေ့ရှိချက် များမှာ-

- ၂၀၁၃ မှစတင်၍ မျက်နှာစာ သုံးခုလုံးတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း ပိုမိုနက်ရှိုင်းလာသည်ကို တွေ့ရမည်။
- အားလုံးခြုံငုံ သုံးသပ်ရလျှင် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းတွင် အကန့်အသတ်များ ရှိနေသေးသည်။
- ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း မျက်နှာစာများအကြား ကွာခြားမှု မညီမျှသည်ကို တွေ့ရမည်။
- ပြည်နယ်/တိုင်းဒေသကြီး တစ်ခုနှင့် တစ်ခုအကြားနှင့် ကဏ္ဍတစ်ခုနှင့် တစ်ခုအကြား ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း ပမာဏ ကွဲပြားမှု ရှိနေသည်ကို တွေ့ရမည်။

၂၀၁၃ မှစတင်၍ အခြေခံ အချက်အလက်များကို သုံးသပ်ကြည့်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည် ဖော်မှုကြောင့် အကန့်အသတ် ရှိသေးသော်လည်း ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း မျက်နှာစာသုံးရပ်လုံး တိုးတက်မှုရှိခဲ့သည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း ဖြစ်စေနိုင်သည့် အခြားကျယ်ပြန့်သော မောင်းနှင်အားများလည်း ရှိသေးသည်။ ၎င်းတို့မှာ

၁။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် ၎င်းတို့၏ သက်ဆိုင်ရာ လုပ်ပိုင်ခွင့်နယ်ပယ် အတွင်း ပိုမို၍ ကျယ်ပြန့်စွာ လုပ်ဆောင်လာကြသည်။

၂။ ပြည်နယ်/တိုင်းဒေသကြီး ဌာနများသည် ပြည်နယ်/ တိုင်းဒေသကြီး အစိုးရထံသို့ ပိုမို၍ တာဝန်ခံလာကြသည်။

၃။ ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များသည် ၎င်းတို့ မဲဆန္ဒနယ်ပြည်သူကို ကိုယ်စားပြုခြင်းနှင့် အုပ်ချုပ်ရေးပိုင်းကို တာဝန်ခံမှု ရှိရန် တွန်းအားပေးခြင်း တို့တွင် ပိုမို၍ ယုံကြည်မှုရှိစွာ လုပ်ဆောင်လာကြသည်။

၄။ မြို့နယ် အုပ်ချုပ်စီမံမှုစနစ်သည် ဒေသခံလူထု၏ လိုအပ်ချက်ကို တုံ့ပြန်ဖြည့်ဆည်းနိုင်ရန် လိုအပ်ချက်များ ရှိနေသေးသော်လည်း ပိုမိုတိုးတက် ကောင်းမွန်စေရေးအတွက် ထောက်ပံ့အားပေး မှုများလည်း ရှိနေသည်။

ပြည်နယ် နှင့် တိုင်းဒေသကြီး အစိုးရများသည် အရေးကြီးပါသည်။ ၎င်းတို့ စီရင်အုပ်ချုပ်ပိုင်ခွင့်တွင် မြန်မာနိုင်ငံရှိ အုပ်ချုပ်မှု ယန္တရားသဏ္ဌာန်ကို ပုံဖော်နေပြီး မူဝါဒများကို ဖော်ဆောင်ရာတွင် ဦးဆောင်ခြင်း နှင့် အစိုးရ၏ အသုံးစရိတ် ပမာဏတိုးမြင့်လာခြင်းတွင်လည်း ၎င်းတို့ တာဝန်ရှိနေပါသည်။ ယမန်နှစ် (၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်)တွင် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ စုစုပေါင်း အသုံးစရိတ်သည် ကန်ဒေါ်လာ ၁.၈ ဘီလီယံ (ကျပ် ၂.၅ ထရီလီယံ)ကျော် ရှိသည်ကိုတွေ့ရသည်။ ပြည်နယ်/

တိုင်းဒေသကြီး လွှတ်တော်များသည် ပြည်သူများကို ကိုယ်စားပြုခြင်းနှင့် နိုင်ငံရေး ခေါင်းဆောင်များကို ထိန်းကျောင်း စိစစ်ခြင်းတို့အတွက် အရေးကြီးသော နေရာများ ဖြစ်လာသည်။ သို့သော်လည်း အခြေခံအားဖြင့် မြန်မာနိုင်ငံ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းမူဘောင်ကို ထိန်းချုပ်ထားသည့် ဥပဒေများ၊ စနစ်များနှင့် အင်စတီကျူးရှင်းများသည် လွန်ခဲ့သည့် ၅ နှစ် အတွင်း အသေးစိတ်ကျကျ ပြောင်းလဲခြင်း မရှိခဲ့ချေ။ ဒေသန္တရအဆင့်သို့ လုပ်ပိုင်ခွင့်နှင့် ဆုံးဖြတ်ချက်ချပိုင်ခွင့် အပ်နှင်းခြင်း (devolution) ကျယ်ကျယ်ပြန့်ပြန့် တိုးတက်လာခဲ့ခြင်းများလည်း မရှိခဲ့ချေ။ အကျိုးဆက်အနေဖြင့် အထက်ပိုင်းတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း တိုးမြင့်လာရန် လမ်းကြောင်း လုပ်ဆောင်မှုများ ရှိနေသော်လည်း၊ ပြည့်ပြည့်ဝဝ ဗဟိုချုပ်ကိုင်မှု လျော့ကျခြင်း အနေနှင့်မူ မြန်မာနိုင်ငံတွင် မညီမျှမှုနှင့် အကန့်အသတ်တို့ ရှိနေဆဲဖြစ်သည်။

## ဒေသန္တရအစိုးရများ၏ အခန်းကဏ္ဍ

ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကဏ္ဍတွင် ဒေသန္တရအဆင့်ရှိ အစိုးရများ၏ အခန်းကဏ္ဍမှာ များစွာရေးပါသည်ကို တွေ့ရသည်။ တာဝန်ခံမှု၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ကို အာမခံပေးနိုင်ရန်မှာ ဒေသန္တရအစိုးရများ၏ အဓိကတာဝန်တွင် ပါဝင်လျက်ရှိသည်။ သို့သော် မြန်မာနိုင်ငံတွင် ဒေသန္တရအုပ်ချုပ်ရေး ရှိသော်လည်း ဒေသန္တရအစိုးရ မရှိသေးပါ။ ထို့ကြောင့်မြန်မာနိုင်ငံတွင် ဒေသန္တရအစိုးရ တစ်ရပ်ကို ဖွဲ့စည်းရန် လိုအပ်ပါသည်။ ဒေသန္တရအစိုးရသည် ပြည်သူလူထုနှင့် အနီးကပ် ထိတွေ့ရသည့် အစိုးရအဆင့်ဖြစ်ပြီး ဖက်ဒရယ်နိုင်ငံအများစုတွင် ဒေသန္တရအစိုးရများ ဖွဲ့စည်းထားရှိသည်ကို တွေ့နိုင်သည်။ ဒေသန္တရအဆင့်ရှိ အစိုးရသည် အရင်းအမြစ်များ ခွဲဝေလျာထားခြင်း၊ ဝန်ဆောင်မှုပေးခြင်း နှင့် အခြေခံအဆောက်အအုံကဏ္ဍများတွင် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရမည်ဖြစ်သည်။

လွတ်လပ်သော ဒေသန္တရအဆင့် အစိုးရများ ဖြစ်လာစေရန်မှာ ၎င်းတို့အနေဖြင့် ဘဏ္ဍာရေးအရ သီးခြားရပ်တည် နိုင်ရမည်ဖြစ်သည်။ အချို့နိုင်ငံများတွင် ဒေသန္တရအစိုးရများအား မြေခွန်များဖြင့် ငွေကြေးထောက်ပံ့ပေးသည့်အပြင် ပြည်နယ်မှ ဒေသန္တရအဆင့်သို့လွှဲပြောင်းထောက်ပံ့ငွေများ၊ နိုင်ငံတော်အဆင့်မှ ဒေသန္တရအဆင့် သို့လွှဲပြောင်း ထောက်ပံ့ငွေများဖြင့် ထောက်ပံ့ကြသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ဒေသန္တရအဆင့်ရှိ အစိုးရများသည် ဘဏ္ဍာရေးဆိုင်ရာဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကဏ္ဍတွင် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်နေသည်ကိုတွေ့ရသည်။

### ဆွေးနွေးရန်မေးခွန်း

*မြန်မာနိုင်ငံတွင် ဒေသန္တရအဆင့် အစိုးရတစ်ရပ် ဖွဲ့စည်းရန် လိုအပ်ပါသလား။ လိုအပ်သည်ဆိုပါက ဒေသန္တရအဆင့်အစိုးရများသည် ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကဏ္ဍတွင် မည်သည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သင့်ပါသနည်း။*

### ရည်ညွှန်းကိုးကား